# မြန်မာကလေးစာပေ(စကားပြေ)
# (၁၉၄၀–၁၉၇၀)

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း


မဒွေးဒွေးရီ

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၇ခုနှစ်၊ မေလ

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် မြန်မာကလေးစာပေ (စကားပြေ) ၁၉၄၀–၇၀ အကြောင်းလေ့လာတင်ပြထားသောကျမ်း ဖြစ်ပါသည်။ ဤကျမ်းကို ပြုစုရခြင်း ၏ ရည်ရွယ်ချက်မှာ မြန်မာစာပေ နယ်ပယ်တွင် ကလေးစာပေ၏ အခန်းကဏ္ဍကို ဖော်ထုတ်လေ့လာ တင်ပြလိုခြင်း ဖြစ်ပါသည်။ ထိုသို့ လေ့လာရာတွင် ၁၉၄၀–၇၀ ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သည့် ကလေးပုံပြင်၊ ကလေးဝတ္ထု၊ ကလေးပြဇာတ်၊ ကလေးသုတများကို လက်လှမ်းမီသမျှ ကဏ္ဍခွဲပြီး လေ့လာတင်ပြထားပါသည်။ ထိုသို့လေ့လာရာတွင် ကလေးပုံပြင်များ၊ ကလေးဝတ္ထုများ၊ ကလေး ပြဇာတ်များသည် ကလေးများနှင့် လိုက်ဖက်မှု ရှိမရှိ၊ ကလေးများ နားလည်နိုင်မှု ရှိမရှိကို လေ့လာ တင်ပြထားပါသည်။ ထို့ပြင်ကလေးများသည် အနာဂတ်ကာလတွင် တိုင်းပြည်ခေါင်းဆောင်များ ဖြစ်ပြီး ဘက်ပေါင်းစုံထူးချွန်ထက်မြက်စေရန်အတွက် ဖော်ထုတ် ရေးသားနိုင်မှုတို့ကို လေ့လာတင်ပြ ထားပါသည်။ ကလေးများသည် တိုင်းပြည်၏အင်အားဖြစ်သဖြင့် နောင်တစ်ချိန်တွင် နိုင်ငံနှင့်လူမျိုးကို ဦးဆောင်နိုင်ကြသူများဖြစ်ပြီး လူကောင်းလူတော်များ ဖြစ်လာစေရန်ကလေးစာပေက များစွာ အထောက်အကူပြုလျက်ရှိကြောင်း ဦးတည်ဖော်ပြထားပါသည်။ ကလေးစာပေကို လေ့လာခြင်းဖြင့် ကလေးများလိမ္မာရေးခြားရှိစေနိုင်သည်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းနိုင်သဖြင့် ယဉ်ကျေးမှုမြင့်မားရေးအတွက် အကျိုးကျေးဇူးရရှိစေနိုင်ပါသည်။